# TSUNAHIRO

“နေထိုင်မှုဘဝပြုမည့်သူဖြစ်သည့်နိုင်ငံခြားသား”များအတွက်
ဂျပန်ဘာသာစကားလေ့လာသင်ယူမှုပြုနိုင်သောဝက်ဘ်ဆိုက်

# ချိတ်ဆက်ချဲ့ထွင်ပြီး
# ဂျပန်ဘာသာစကားဖြင့်နေထိုင်ခြင်း




ဂျပန်နိုင်ငံတွင်နေထိုင်သည့်နိုင်ငံခြားသားများ
နေထိုင်မှုဘဝတွင်လိုအပ်မည့် ဂျပန်စကားသင်ယူရန်အတွက်
ဂျပန်ဘာသာစကားလေ့လာသင်ယူမှုပြုနိုင်သောဝက်ဘ်ဆိုက်ဖြစ်ပါသည်။

ဝက်ဘ်ဆိုက်သည် ဤလင့်ခ်ဖြစ်
ကွန်ပြူတာနှင့် စမတ်ဖုန်းတို့ဖြင့် အသုံးပြုနိုင်ပါသည်

tsunagarujp.bunka.go.jp/?lang_id=MY

202303 ミャンマー語


文化庁
Agency for Cultural Affairs, Government of Japan

# အသုံးပြုနည်း

## အချက် 1 ဘာသာစကားများစွာဖြင့်ရရှိနိုင်ခြင်း

ဘာသာစကားများစွာနှင့်ရိုမာဂျီးဖြင့် ပံ့ပိုးထားပါသည်။

ဂျပန်,အင်္ဂလိပ်,တရုတ် (လက်ရေးတို•လက်ရေးရှည်), စပိန်, ပေါ်တူဂီ, ဗီယက်နမ်, အင်ဒိုနီးရှား, ဖိလစ်ပိုင်, နီပေါ, ခမာ (ကမ္ဘောဒီးယား), ကိုရီးယား,ထိုင်း, မြန်မာ, မွန်ဂို, ယူကရိန်း,ရုရှား




## အချက် 2 နေထိုင်မှုဘဝအခြေအနေများအတွက် အထူးသီးသန့်ဖန်တီးထားခြင်း


ဂျပန်နိုင်ငံတွင်နေထိုင်မည့်နိုင်ငံခြားသားများကြုံတွေ့ရမည့် နေထိုင်မှုဘဝအခြေအနေများ၌ သုံးစွဲရမည့်ဂျပန်စကားများကို သင်ယူနိုင်ရန် အထူးသီးသန့်ဖန်တီးပေးထားပါသည်။



## အချက် 3 ဗွီဒီယိုဗဟိုပြုလေ့လာခြင်း

နေထိုင်မှုဘဝထဲရှိအခြေအနေများကို ပြန်လည်ဖော်ထုတ်ထားသည့် ဗွီဒီယိုများ၊ ဝါကျပုံစံများကို ရှင်းပြထားသည့်ဗွီဒီယိုများ စသည်ဖြင့် အမြင်အာရုံ၊ အကြားအာရုံတို့ဖြင့် နားလည်ရလွယ်ကူနိုင်မည့် သင်ထောက်ကူများကို အများအပြား စုံစုံလင်လင်ရရှိနိုင်ပါသည်။






### ဘာသာစကားရွေးချယ်ခြင်း

### အဆင့် ရွေးချယ်ခြင်း

မိမိနှင့်ကိုက်ညီသောအဆင့်ဖြင့် သင်ယူနိုင်စေရန် အဆင့်များ ခွဲပေးထားပါသည်။

### ခေါင်းစဉ်၊ ပန်းတိုင်

ပြကွက်အသီးသီးရှိ ခေါင်းစဉ်နှင့် ပန်းတိုင်တို့ကို ဖော်ပြပေးပါသည်။

### အဓိကစကားလုံးများ

ဤစာမျက်နှာတွင် သင်ယူနိုင်မည့် အဓိကစကားလုံးများကို ဖော်ပြပေးထားပါသည်။

### ဗွီဒီယိုများ

ခေါင်းစဉ်နှင့်လိုက်ဖက်ညီသည့်ဗွီဒီယိုများကို တင်ဆက်ပေးထားပါသည်။

### စာတန်းထိုး

ဗွီဒီယိုထဲတွင် ဒိုင်ယာလော့ခ်များကို ထည့်သွင်းဖော်ပြထားပါသည်။ စာတန်းထိုးအတွက် ဂျပန်ဘာသာ၊ Romaji၊ နိုင်ငံခြားဘာသာတို့ကို ရွေးချယ်နိုင်ပါသည်။

### အသုံးဝင်သောဝေါဟာရများ

ပြကွက်အသီးသီးတွင် တင်ဆက်ထားသည့် ဝေါဟာရများနှင့်ဆက်စပ်ပြီး အသုံးဝင်သောဝေါဟာရများကို ဝေါဟာရစာရင်းတွင် ကြည့်နိုင်ပါသည်။



### အသုံးဝင်သောသတင်းအချက်အလက်များ 〈ကော်လံ〉

ဂျပန်နိုင်ငံတွင်နေထိုင်နေသည့်နိုင်ငံခြားသားများအားခေါင်းစဉ်နှင့်သက်ဆိုင်သည့် အတွေ့အကြုံများကိုအင်တာဗျူးမေးမြန်းထားသည့်ဆောင်းပါးကိုတင်ပြထားပါသည်။

### အသုံးဝင်သောသတင်းအချက်အလက်များ 〈ဗွီဒီယို〉

လေ့လာသင်ယူမည့်ခေါင်းစဉ်နှင့်ပတ်သက်ဆက်နွယ်သောအချက်များကိုသိရှိပါက၊ အသုံးဝင်သောသတင်းအချက်အလက်များ၏ဗွီဒီယိုကိုကြည့် ရှုနှာထောင်နိုင်ပါမည်။

### ဇာတ်ညွှန်းစာသား

ဗွီဒီယိုထဲရှိ ဒိုင်ယာလော့ခ်အားလုံးကို စာရင်းဖြင့်ကြည့်နိုင်ပါသည်။

### ဤစကားစုများကို မှတ်သားကြရအောင်

ဗွီဒီယိုထဲတွင်ပါသည့် အရေးကြီးသောစကားစုများကို အတိအကျလေ့လာသင်ယူနိုင်ပါသည်။

### ဤဝေါဟာရများကို မှတ်သားကြရအောင်

ဗွီဒီယိုထဲတွင်ပါသည့် အရေးကြီးသောဝေါဟာရနှင့် ယင်း၏အဓိပ္ပာယ်ကို သင်ယူနိုင်ပါသည်။

## အချက် 4 ဂျပန်ဘာသာစကားဆိုင်ရာ အခြေခံဗဟုသုတများကိုလည်း တင်ဆက်ထားခြင်း

ဂျပန်ဘာသာစကား၏ထူးခြားချက်များနှင့်ကြိယာသုံးစွဲပုံများစသည်ဖြင့် ဂျပန်ဘာသာစကားကို မသင်ယူမီ သိထားပါက အဆင်ပြေစေနိုင်မည့် အချက်အလက်များကိုလည်း အရေအတွက်များစွာ တင်ဆက်ပေးထားပါသည်။




## အချက် 5 အရေးအဖတ် လေ့လာသင်ယူမှုအတွက်လည်း အထောက်အကူပေးထားခြင်း


ဂျပန်ဘာသာစကားသည် စာလုံးအမျိုးအစားများစွာရှိပြီး ခက်သည်ဟုခံစားရသည့်သူများလည်း များစွာရှိနိုင်ပါသည်။ ဤကဏ္ဍတွင် နေထိုင်မှုဘဝ၌ကြုံတွေ့ရမည့် အရေးအဖတ်အတွက် နည်းလမ်းကောင်းများ၊ အရေးအဖတ်နှင့် အကျွမ်းတဝင်ရှိလာစေမည့် နည်းလမ်းများဖြင့် မိတ်ဆက်ပေးထားပါသည်။



## အချက် 6 စစ်ဆေးအတည်ပြုနိုင်ပါသည်။

ဂျပန်ဘာသာစကားကိုမသင်ယူမီ မိမိ၏ ဂျပန်ဘာသာစကားစွမ်းရည်သည် မည်သည့်အဆင့်ဖြင့် ကိုက်ညီကြောင်းကို စစ်ဆေးအတည်ပြုနိုင်ပါသည်။





# ဤပြကွက်မျိုးဖြင့် သင်ယူနိုင်ပါသည်။

## အရင်ဆုံးမှတ်သား ကြရအောင်! ဂျပန်ဘာသာစကားရှိ အဆင်ပြေလွယ်ကူသော စကားစုများ

▼လျှော့လမ်းကျဉ်းသော ဆိုင်အတွင်း



အဆင်ပြေပါသလား။
Daijoobu desu ka.

ကျေးဇူးတင်ပါတယ်။
Arigatoogozaimasu.

## အဆင့် 1

▼မှာဖို့
ဆုံးဖြတ်ပြီးသွားပြီလားရှင်။



မှာဖို့ဆုံးဖြတ်ပြီးသွားပြီလားရှင်။
Gochuumon wa okimari desu ka.

ဟုတ်ကဲ့၊ ဒီဟာကို ပေးပါ။
Hai, kore, onegaishimasu.

## အဆင့် 2

▼နေထိုင်သူအဖြစ်မှတ်ပုံတင်ဖို့
စာရွက်စာတမ်းတွေလုပ်ဆောင်ပေးပါ။



ဒါဆိုရင် နေထိုင်သူအဖြစ်မှတ်ပုံတင်ဖို့ စာရွက်စာတမ်းတွေလုပ်ဆောင်ပေးပါ။
Dewa, juumin-tooroku no tetsuzuki o onegaishimasu.

Juumin…tooroku…ဆိုတာ ဘာလဲခင်ဗျာ။
“Juumin…tooroku”…tte, nan desu ka.

## အဆင့် 3


▼OOပျောက်ဆေးပါ။



ဟိုလေ၊ ကျွန်တော်က ဆေးသောက်ရင် အိပ်ငိုက်တဲ့အခါများလို့ ဒီဆေးကရော ဘယ်လိုပါလဲခင်ဗျာ။
Anoo, watashi, kusuri o nomu to, nemuku naru koto ga ooin desu kedo, kono kusuri wa doo desu ka.

ဟုတ်တယ်နော်။ ဒီနေရာမှာလည်းရေးထားပေမယ့် နည်းနည်းအိပ်ငိုက်လွယ်ပါတယ်။
Soo desu ne. Koko ni mo kaite arimasu kedo, chotto nemuku nari yasui desu yo.

## သိမြင်နားလည်နိုင်သည့်အထောက်အကူများ



### လူထုဆက်ဆံရေးပိုင်းဆိုင်ရာဗီဒီယို

ဝက်ဘ်ဆိုက်၏အကြောင်းအရာအနှစ်ချုပ်ကို ဗီဒီယိုဖြင့် ရှင်းပြထားပါသည်။ (ဘာသာစကားများစွာဖြင့် ပံ့ပိုးပေးထားသည်)



### အသုံးပြုနည်းလမ်းညွှန်စာအုပ်

ဆက်လက်လေ့လာသင်ယူနည်းနှင့်ဝက်ဘ်ဆိုက်တွင် တင်ထားသည့် အကြောင်းအရာများကို အသေးစိတ် စုစည်းထည့်သွင်းထားပါသည်။ (ဂျပန်ဘာသာဖြင့်သာ)




### လေ့လာနည်း လမ်းညွှန်

**ဗီဒီယိုကိုကြည့်ပြီး "Tsunahiro" တွင် လေ့လာနည်း**

Tsunahiroကိုအသုံးပြုပြီးလေ့လာနည်းကိုနားလည်လွယ်ကူစွာရှင်းလင်းပြသထားသည့်ဗီဒီယိုဖြစ်ပါသည်။(ဘာသာစကားများစွာဖြင့် ပံ့ပိုးထားသည်)


စုံစမ်းမေးမြန်းရန် | ယဉ်ကျေးမှုရေးရာအေဂျင်စီ၊ ဂျပန်ဘာသာစကားဌာန

(ဖုန်း) **03-5253-4111** (လက်ခံကောင်တာဖုန်း)
(အီးမေးလ်) **chiikinihongo@mext.go.jp**



©Japanese Language Division, Agency for Cultural Affairs